ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-2-2008) (၅၅၉၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ် Lt. General, Evnevich Valery G အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်   ဖေဖော်ဝါရီ   ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ် Lt. General, Evnevich Valery G ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ် Lt. General, Evnevich Valery G ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail MGELADZE နှင့် စစ်သံမှူး Colonel, Alexander V. SVINITSOVSKIY တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်နယ်အတွင်းရှိ သဘာဝအခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ထိန်းသိမ်း လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာရေး ပညာရေးကဏ္ဍက ပြည့်ဆည်း

နေပြည်တော်   ဖေဖော်ဝါရီ   ၁၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမ်းမြို့နယ်တည်နေရာ၊ အကျယ်အဝန်းနှင့် ဖွဲ့စည်းမှုအခြေအနေ၊ ဆန်စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထွက်ရှိမှု၊ ဒေသဆန်နှင့် စားသုံးဆီဖူလုံမှု၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၂-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

သဘာဝအခြေခံကောင်းများ အသုံးပြု လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးပမ်း

တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ခြင်း၊ ရေမြေသဘာဝ သယံဇာတပေါများ ကြွယ်ဝခြင်းတို့သည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။

ရခိုင်ပြည်နယ်သည် ယခင်က ရေကြောင်းနှင့် လေကြောင်းလမ်းတို့ဖြင့်သာ ဆက်သွယ်သွားလာနိုင်၍ အခြားသော ပြည်နယ်နှင့်တိုင်းများ၊ ဒေသတွင်း ဆက်သွယ်ရေးများတွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့ရသည်။

ယခုအခါ ရန်ကုန်-စစ်တွေ၊ ရန်ကုန်-ကျောက်ဖြူ၊ ငါးသိုင်းချောင်း-ဂွ ကားလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ်အသွယ်သွယ်တို့ကို ဖောက်လုပ်တည်ဆောက်ပေးထားရာ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးနှင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့နှင့်ပါ လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်လျက်ရှိသည်။ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာမှုနှင့်အတူ ကုန်စည်ဖလှယ်ရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်နေပြီဖြစ်သည်။

ထို့အပြင် ဧရိယာစတုရန်းမိုင် ၁၄၀၀၀ ကျော်ကျယ်ဝန်းသည့် ဒေသအတွင်း ကမ်းရိုးတန်းအရှည်မိုင် ၃၆၀ ကျော် ပင်လယ်ကမ်းခြေရှိသဖြင့် ဆန်စပါး၊ သားငါးနှင့် ရေထွက်ပစ္စည်းများ ဖူလုံစွာထွက်ရှိပြီး စီးပွားဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်သည့် သဘာဝအခြေခံကောင်းများ ပြည့်စုံနေသည်။

ကမ်းလွန်ပင်လယ်ပြင်တွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေထုတ်လုပ်လျက်ရှိသည့်အပြင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းမွန်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ ဒေသခံ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအားလုံးက သဘာဝရေခံမြေခံ၊ အခြေခံကောင်းများကို စနစ်တကျ အသုံးပြုပြီး ဝီရိယ စိုက်ထုတ်ကြိုးပမ်း လုပ်ကိုင်ကြခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အခန်းတစ်ခန်းအတွက် မိခင်ဒေါ်တင်စိန်ကို အမှူးထားကာ ကွယ်လွန်သူ ခင်ပွန်း ဦးမောင်ချိုအား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းနေ ဒေါ်မေမေကြည်နှင့် သား၊ သမီးများဖြစ်သော ဒေါက်တာမျိုးသန့်-မစုစုလှိုင်၊ ကိုသောင်းချစ်-မဆွေဆွေလင်း၊ မြေး မောင်ကင်းဝန် မိသားစုက အလှူငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ဆိပ်ဖြူ) အရှင်ကုမာရ(မဟာဓမ္မာစရိယ) (M.A) (Thesis)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်း မြင်းခြံနှင့် တောင်သာမြို့တို့ရှိ စက်ရုံများစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ (မြင်းခြံ) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း မြင်းခြံဝါကြိတ်စက်ရုံသို့လည်းကောင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ (မြင်းခြံ)သို့လည်းကောင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (တောင်သာ) သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်သာမြို့ ရေတိုးချဲ့ပေးဝေရေးလုပ်ငန်းအတွက် အသုံးပြုရန် ဘုန်းဇဉ်ဆည်၏ ရေသိုလှောင်ထားနိုင်မှုနှင့်ရေရရှိနိုင်မှုပတ်ဝန်းကျင်အခြေအနေများကိုလည်းကောင်း၊ တောင်သာမြို့နယ် ဝဲလောင်ကျေးရွာအနီး ဒေသခံတောင်သူများ စိုက်ပျိုးထားသော ဆင်တဲဝချောင်း သဲသောင်ခုံ၌ ကြက်သွန်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၈/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဖေဖော် ဝါရီ ၁၈ ရက် ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာ ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်၍သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** အဆိုပါသင်တန်းကို ရက်သတ္တ ၁၂ ပတ်ကြာ ပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၈၃ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေခံမြေခံကောင်းများ ဟောပြောပွဲ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ အကြိမ် (၅၀) မြောက် ရွှေရတုအထူးအစီအစဉ် ဟောပြောပွဲတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေခံမြေခံကောင်းဆိုင်ရာ (State, Institutions and Economic Development Forum)ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်သန်း၊ စာရေးဆရာ ဦးကျော်ဝင်း၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ကထိက (အငြိမ်းစား) ဦးစောမြင့်မောင်နှင့် အနုစ်ချုပ်ကို ဒေါက်တာ နေဝင်းမောင်တို့က ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရှိ သီရိအဏ္ဏဝါ ခန်းမ၌ ဟောပြောကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၁)ဒဂုံကျောင်း ယခင် မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး (MEHS) ကျောင်း၌ ၁၉၅၄ မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂ ရက်က အဆိုပါ ကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပစဉ်။ (က-ပ)

သမထဝိပဿနာတရားပွဲ မကွေးမြို့၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြတ်ဗုဒ္ဓ၏ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးတော်ရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ- အုံကြီး)နှင့် ဆရာ ဦးကျော်ဇေယျာမြင့်(ဓမ္မရသမကွေး)တို့က မကွေးမြို့လယ် နေ့စဉ်သံဃာ့ဒါနဆွမ်းလောင်းဓမ္မာရုံတော်ကြီး၌ ဖေဖော်ဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို ကြွရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

အာဖဂန်သမ္မတကာဇိုင်း ပြည်ပသြဇာလွှမ်းမိုးမှုအောက်ရောက်နေ အာဖဂန်သတင်းစာကပထမဆုံးအကြိမ် ဝေဖန်ရေးသား

ကဘူး ဖေဖော်ဝါရီ ၁၈

အာဖဂန်နစ္စတန်သမ္မတ ဟာမစ် ကာဇိုင်းသည် ပြည်ပအင်အားကြီး နိုင်ငံများနှင့် နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ သြဇာလွှမ်းမိုးမှု အောက်သို့ရောက်ရှိနေကြောင်း အမေရိကန်အစိုးရက အာဖဂန်မှ ၎င်း၏ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်ရက်ကို အခိုင်အမာ သတ်မှတ်ပေးရမည် ဖြစ်ကြောင်း အာဖဂန်အစိုးရ သတင်းစာက စနေနေ့တွင် ရေးသားလိုက်သည်။

အာဖဂန်သမ္မတ ကာဇိုင်းနှင့် အာဖဂန်ရှိ ပြည်ပတပ်ဖွဲ့များနှင့် ပတ်သက်၍ အာဖဂန်သတင်းစာက ပထမဆုံး ဝေဖန်ရေးသားမှုဖြစ်သည်။ အာဖဂန်တွင် လုံခြုံမှုမရှိဘဲ လာဘ်ပေး လာဘ်ယူမှုလည်း နေရာအနှံ့ ဖြစ်ပွားနေသည်ဟုဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အခက်အခဲပေါင်းစုံ တွေ့ကြုံနေပြီး နိုင်ငံ၏ အကျိုးစီးပွားသည် ပြည်ပအန္တရာယ်ဖြင့် ရင်ဆိုင်နေရကာ တိုင်းတစ်ပါး၏ကာကွယ် စောင့်ရှောက်ခံရသည့် နိုင်ငံတစ်နိုင်ငံ အဖြစ် ရောက်ရှိသွားနိုင်ကြောင်း သတင်းစာက ဆက်လက်ရေးသားသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတကာအသိုက်အဝန်းက ယင်းပြဿနာအပေါ် အလေးဂရုမပြုကြပါက အာဖဂန်၏ အခြေအနေသည် အမိုက်ကစ ပြာသာဒ်မီးလောင်သကဲ့သို့ဖြစ်ပြီး လူတိုင်း မျှော်မှန်းမထားသည့်အခြေသို့ ဆိုက်ရောက်လာမည်ဖြစ်သည်ဟု သတင်းစာက ဝေဖန်ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်အစိုးရကို ထောက်ခံသူ ပြည်သူ့စစ်ခေါင်းဆောင်သေဆုံး

ကဘူး ဖေဖော်ဝါရီ ၁၈

အာဖဂန်နစ္စတန်အစိုးရကို ထောက်ခံ၍ တာလီဘန်တို့ကို တိုက်ခိုက်နေသော ပြည်သူ့စစ်ခေါင်းဆောင် အက်ဒူအာလင်ဂျန်သည် ဖေဖော်ဝါရီ ၁၇ရက်က ကန်ဒါဟာ၌ ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုတွင် သေဆုံးသွားကြောင်း ဒေသအုပ်ချုပ်ရေးမှူးက ပြောသည်။ တာလီဘန်တို့ပြုကွဲခဲ့သည့် လွန်ခဲ့သော ခြောက်နှစ်မှစတွက်လျှင် ယခု ဗုံးခွဲမှုသည် အသေအပျောက် အများဆုံးဗုံးခွဲမှုဖြစ်သည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူအနည်းဆုံး ၈၀ ရှိပြီး ဒဏ်ရာရသူ ဒါဇင်နှင့်ချီရှိသည်ဟု ၎င်းက ပြောသည်။

ကန်ဒါဟာမြို့လွင်ပြင်တစ်ခုတွင် ခွေးတိုက်ပွဲကြည့်ရန် ရာပေါင်းများစွာသော လူများစုဝေးနေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၄၀၀ကို ဦးဆောင်သူ အာလင်ဂျန်သည် တိုက်နေသော ခွေးတစ်ကောင်၏ ပိုင်ရှင်ဖြစ်ကြောင်း ဒေသခံတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနိုင်ငံတွင် ပြုလုပ်သည့် လေကြောင်းပြပွဲ၌ လေယာဉ်နှစ်စင်း စွမ်းရည်ပြနေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန်၌ အမဲသား ပေါင် ၁၄၃သန်း ဈေးကွက်မှပြန်သိမ်း ထုတ်လုပ်သည့် ကုမ္ပဏီက ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်၍ဖြစ်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၈

အမေရိကန် စိုက်ပျိုးရေးဌာနက သမိုင်းတွင် စံချိန်တင်ရမည့် ဆိုင်တင်ရောင်းချထားသော အမဲသား ပေါင်ချိန် ၁၄၃ သန်းကို ဈေးကွက်မှ ပြန်လည်သိမ်းဆည်းရန် တနင်္ဂနွေနေ့က အမိန့်ထုတ်ပြန်လိုက်သည်။

သိမ်းဆည်း

စိုက်ပျိုးရေးဝန်ကြီး အက်စကာဖာက ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် ဝက်စ်လင်းဟောမတ်ကုမ္ပဏီ၏ သားသတ်ရုံသည် ကျွဲ၊ နွားများကို တိရစ္ဆာန်ဆရာဝန်နှင့် အချိန်မှန်မှန်မပြကြောင်း၊ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ အစားအသောက်ဘေးကင်းရေးနှင့် စစ်ဆေးရေးအဖွဲ့က ယင်းအသားများသည် လူတို့စားသောက်ရန် မသင့်လျော်ဟု ဆုံးဖြတ်ကြောင်း၊ ကုမ္ပဏီက အသားများကို ပြန်လည်သိမ်းဆည်းနေမည် ဖြစ်ကြောင်း ဖော်ပြသည်။

ကျောင်းများသို့ နေ့လည်စာပေးသွင်းနေသော ကယ်လီဖိုးနီးယားသားသတ်ရုံမှ ထုတ်လုပ်သော ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ရက်စွဲပါသည့် အမဲသားများသည်လည်း ပြန်လည် သိမ်းဆည်းမှုတွင် ပါဝင်ကြောင်း သိရသည်။

ခန့်မှန်း

တာဝန်ရှိသူတို့က ပြန်လည်သိမ်းယူမည့် အမဲသားပေါင် ၃၇ သန်းမျှသည် ကျောင်းများသို့ ဖြန့်ချိပြီး ဖြစ်သည်ဟု ခန့်မှန်းရသည်။ များသောအားဖြင့် သားသတ်ရုံသို့ရောက်လာသော နွားများ အနက် ကျန်းမာရေးနှင့် မညီညွတ်သော နွားရူးရောဂါရှိသည်ဟု သံသယရှိသော နွားများ၏ အသားများကို သက်ဆိုင်ရာက ရောင်းချခွင့်ပိတ်ပင်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

စစ်သွေးကြွ ၉၀ ပါကစ္စတန်တွင် လက်နက်ချ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၇

စစ်သွေးကြွ လက်နက်ကိုင် ၉၀ တို့သည် လက်နက်များနှင့်အတူ အနောက်မြောက်ပိုင်းရှိ ပါကစ္စတန် တပ်ဖွဲ့များထံသို့ စနေနေ့က လက်နက်ချသည်။

အနောက်မြောက်အရပ် ဆွတ်ခရိုင်၌ ကျင်းပသော လက်နက်ချပွဲ အခမ်းအနားသို့ ဒေသဆိုင်ရာ အရာရှိများ တက်ရောက်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နိုင်ငံ ကန်ဒါဟာဒေသရှိ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာနေရာကို ဖေဖော်ဝါရီ ၁၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကနေဒါနိုင်ငံသားတစ်ဦး ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ သေနတ်ကျည်ဆန်ထိမှန်

ချင်းမိုင်(ထိုင်း) ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံတွင် ပစ်ကပ်ကားပေါ်၌ စီးနင်းလိုက်ပါလာသော ကနေဒါနိုင်ငံသား ခရီးသွားတစ်ဦးကို မုဆိုးတစ်ဦးပစ်ခတ်လိုက်သည့် ကျည်ဆန် မတော်တဆထိမှန်ခဲ့ကြောင်း ကြာသပတေးနေ့တွင် ရဲတပ်ဖွဲ့ကပြောကြားသည်။ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်မှုရှိသော ချင်းမိုင်မြို့ မြောက်ဘက်ဒေသတွင် ဖေဖော်ဝါရီ၁၃ ရက်က အွန်တာရီရိုဒေသမှ တက္ကသိုလ်ကထိက အဲရစ်ဘရစ်ဖ်ဖီအွန်သည် ၎င်း၏ ဇနီးနှင့်အတူ အားလပ်ရက် ခရီးရှည်ထွက်လာစဉ် ဒသမ ၂၂ ကျည်ဆန်ထိမှန်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် ကနေဒါနိုင်ငံသားအပါအဝင် အဆိုပါဖြစ်ပွားမှုသည် လေးကြိမ်မြောက် ပစ်ခတ်ခံရခြင်းဖြစ်သည်။ ၎င်းကို ထိမှန်သော ကျည်ဆန်သည် ငှက်ပစ်သမား သို့မဟုတ် တစ်စုံတစ်ယောက်သော သေနတ်သမားက ပစ်ခတ်မှုကြောင့် မတော်တဆ ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။ ၎င်းကို ဆေးရုံတွင် ကျည်ဆန်ကို ခွဲစိတ်ဖယ်ရှားပစ်ပြီးနောက် ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် အမျိုးသမီးဗုံးခွဲသမား တိုက်ခိုက်၍ သုံးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ဖေဖော်ဝါရီ ၁၇ရက်က အမျိုးသမီးတစ်ဦး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူသုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စစ်ဆေးရေးဂိတ်တစ်ခု၏ အစောင့်တပ်သားများလက်မှ ထွက်ပြေးလာသည့် အမျိုးသမီးသည် ဈေးဆိုင်တစ်ခုအတွင်း၌ ၎င်း၏ ခန္ဓာကိုယ်တွင် ချည်နှောင်ထားသော ဗုံးများကို ဖောက်ခွဲပစ်လိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုလစောစောပိုင်းက လူ ၉၉ ဦး သေစေသည့် ဗုံးဖောက်ခွဲသူ အမျိုးသမီးနှစ်ဦးသည် စိတ်ကျန်းမာရေး မကောင်းသူများဖြစ်သည်ဟု အမေရိကန်နှင့် အီရတ်အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်ရွေးကောက်ပွဲ ကျင်းပ ဘနာဇီယာဘူတို၏ ပီပီပီပါတီ အနိုင်ရ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၉

ပါကစ္စတန်နိုင်ငံတွင် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုနှင့် စိုးရိမ်ခြောက်လှန့်မှုများကြားမှ ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါရွေးကောက်ပွဲသည် အတိုက်အခံခေါင်းဆောင် ဘနာဇီယာဘူတို လုပ်ကြံခံရပြီးနောက် ရက်ရွှေ့ဆိုင်းထားရာမှ ပြန်လည်ကျင်းပခဲ့ ခြင်းဖြစ်ကြောင်း၊ အရပ်ဘက်အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းရန် ရည်ရွယ်ကြောင်း အင်တာနက် သတင်း၌ဖော်ပြသည်။

သမ္မတမူရှာရက်ဖ်၏မိတ်ဆွေများက မဲလိမ်ရန်စီစဉ်ခဲ့ကြောင်း အဓိက အတိုက်အခံပါတီနှစ်ခုက ပြောကြားသည်။ ယင်းပါတီများက သံသယရှိသော ရွေးကောက်ပွဲဖြစ်လာလျှင် ဆန့်ကျင်ဆန္ဒပြသွားရန် သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။ ဖေဖော်ဝါရီ ၁၆ရက်က ပါကစ္စတန်နိုင်ငံ၌ ၄၇ဦး သေဆုံးခဲ့သော အဆိုးရွားဆုံး အကြမ်းဖက်မှုကြီးဖြစ်ပွားခဲ့သည်။

ရွေးကောက်ပွဲကို ပါကစ္စတန်နိုင်ငံ၏ အဓိကမြို့ကြီးများ၌ကျင်းပလျက် ရှိသည်။ ယင်းနိုင်ငံတွင် မဲပေးနိုင်သူပေါင်း သန်း ၈၀ရှိသော်လည်း အကြမ်းဖက် တိုက်ခိုက်မှုကို စိုးရိမ်နေကြသဖြင့် ပြည်သူတချို့တစ်ဝက်သာ မဲပေးကြသည်ဟု သတင်း၌ဖော်ပြသည်။ ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် ဖေဖော်ဝါရီ ၁၉ရက်နေ့ ရလဒ်များအရ အတိုက်အခံဖြစ်သည့် ဘနာဇီယာဘူတို၏ ပီပီပီပါတီက အနိုင်ရရှိကြောင်း သိရ သည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲ၌ ပီပီပီပါတီက အနိုင်ရရှိသဖြင့် ထောက်ခံအားပေးသူများ ပျော်မြူးနေကြသည်ကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

* ရှေ့ဖုံးမှ

အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံ လျာထားစိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှု၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးမှု၊ ငါး၊ ပုစွန် တိုးချဲ့မွေးမြူမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း မြို့နယ်များသို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုးမှုကို တွန်းအားပေးသည့်အနေဖြင့် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု၊ နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအပိုင်းကလည်း ကိုယ့်ရပ်ကိုယ်ရွာ၊ ကိုယ့်ဒေသဖွံ့ဖြိုးရေးကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမ်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းနှင့် ဒေသအတွင်း အဖြစ်များသည့် ရောဂါများနှင့် ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းပြီး ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါတားဆီးကာကွယ်ခြင်း၊ ဆေးဝါးကုသခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမ်းမြို့ပြည်သူ့ဆေးရုံအတွက် ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝန်ကြီးဌာနအသီးသီး၏ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် အမ်းမြို့မှတစ်ဆင့် ကျောက်ဖြူမြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲ၌ ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စောက ကျောက်ဖြူမြို့သို့ နိုင်ငံတော်မှ တာဝန်ရှိသူများ ရောက်ရှိစဉ် လမ်းညွှန်မှာကြားခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ဒေသဆန်နှင့် စားသုံးဆီဖူလုံမှု၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံ လျာထားစိုက်ပျိုးမှု၊ ဆန်စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထွက်ရှိမှုနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Lt. General , Evnevich Valery G ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သည့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း။

ထို့အပြင် ပြည်သူ့အကျိုးပြုလူမှုရေးလုပ်ငန်းများကို တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လျက်ရှိကြသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်ရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ရှည်လျားသည့်တောင်တန်းများနှင့် ကျယ်ပြန့်သည့် ပင်လယ်ပြင်တို့ ကာဆီးထားသည့်အတွက် အခြားဒေသများနှင့် ဆက်သွယ်ရန် အခက်အခဲများရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌လည်း မြစ်ချောင်းများစွာရှိနေသည့်အတွက် မြို့နယ်အချင်းချင်း ဆက်သွယ်သွားလာရာတွင်ပင် ခက်ခဲသည့်အခြေအနေများ ရှိခဲ့ကြောင်း။

ယင်းသို့ အခက်အခဲများကြောင့် ရခိုင်ပြည်နယ်အနေဖြင့် သဘာဝရေမြေ၊ အခြေခံကောင်းများရှိနေပါလျက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း၊ နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်၏အခက်အခဲများကို ကျော်လွှားလွန်မြောက်ပြီး ပြည်နယ်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးနှင့် ရခိုင်ပြည်နယ်၏ တောင်ပိုင်း၊ မြောက်ပိုင်း ဆက်သွယ်မှုအပြင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများနှင့်ပါ ဆက်သွယ်သွားလာနိုင်မည့် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးများကို ဖောက်လုပ်စေခဲ့ကြောင်း၊ အဆိုပါလမ်းများ ဖောက်လုပ်ရာတွင်လည်း လွယ်လွယ်ကူကူ ဖောက်လုပ်ခဲ့ရခြင်းမဟုတ်ဘဲ အချို့လမ်းပိုင်းများ၌ ရွှံ့မြေ၊ မြေပျော့၊ ဗွက်တောများဖြစ်၍ Geotextile နည်းဖြင့် ဖောက်လုပ်ခဲ့ရခြင်းအပြင် တံတားကြီး ၂၄ စင်းနှင့် တံတားအလတ်၊ အသေးအစင်းပေါင်း ၁၅၀၀ ခန့်ကိုလည်း ထည့်သွင်းတည်ဆောက်ပေးခဲ့ရကြောင်း၊ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေအမြောက်အမြား သုံးစွဲပြီး တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့သော အခက်အခဲများနှင့် ငွေကြေးကုန်ကျမှုများရှိသော်လည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားရေး တိုးတက်ဖြစ်ထွန်းစေချင်သည့်ဆန္ဒဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများအပိုင်းကလည်း မိမိတို့ ပြည်နယ်အတွင်းရှိ သဘာဝအခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချခြင်းဖြင့် မိမိတို့မိသားစု ဘဝ၊ လူနေမှုအဆင့် မြင့်မားလာစေရေအောင် ဖိဖိစီးစီး ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမ်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုံခြုံအေးချမ်းစွာ ရှာဖွေနိုင်ရန်အတွက်သော်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည်လည်း မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအပိုင်းကရော ပြည်သူများအပိုင်းကပါ ရရှိဖြစ်ထွန်းနေသည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအခြေအနေတို့ ပျက်ယွင်းမှုမရှိစေရအောင် ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်လာစေရန် လူ့စွမ်းအားအရင်းအမြစ်များနှင့် ပြည်စုံမှုရှိရန်သည်လည်း လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် ပညာရေးကဏ္ဍက ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို သင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများသည် ပညာထူးချွန်တတ်မြောက်သော ပညာရှင်များသာမက အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း အကျင့်စာရိတ္တကောင်းမွန်သော၊ ဥပဒေစည်းကမ်းများကို လေးစားလိုက်နာသော လူတော်လူကောင်းများဖြစ်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးကြရန် ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာပြန့်ပွားရေးအတွက် လူငယ်များစိတ်တွင် ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းရှင်သန်နေစေရအောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ကျန်းမာရေးကဏ္ဍတွင် တာဝန်ယူ ဆောင်ရွက်နေကြသည့် ဆရာဝန်၊ ဆရာမများအနေဖြင့် ရောဂါကုသပေးခြင်းအပြင် ကျန်းမာရေးပညာပေးခြင်းနှင့် ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ပြည်သူများ နားလည်သဘောပေါက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာကြွယ်ဝသူများ၊ ကျန်းမာကြံ့ခိုင်သူများဖြစ်အောင် အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ရင်း တစ်ချိန်တည်းတွင်ပင် ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက်ကိုလည်း အလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်နှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံတော်နှင့်ပြည်သူများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် ညီလာခံကိုယ်စားလှယ်ကြီးများက အောင်မြင်စွာ ညှိနှိုင်းချမှတ်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးသည်နှင့် စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူများ၏ ဆန္ဒဖြင့် အတည်ပြုပေးနိုင်ရန် လာမည့်မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်းကိုလည်း ကြေညာထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးသည် မိမိတို့၏ ယနေ့ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျောက်ဖြူမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများနှင့် ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား မှာကြားရာတွင် ယနေ့ ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်မှာ ဆေးဝါးကုသပေးရုံမျှဖြင့် မလုံလောက်တော့ကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်တတ်သည့် အလေ့အကျင့်များရရှိအောင် ရောဂါမဖြစ်ပွားခင်က ကြိုတင်ကာကွယ်တားဆီးရေး၊ အသိပညာများ နားလည်သိရှိစေရအောင် ကျန်းမာရေးပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ရှိ ပညာရေးကောလိပ်သို့ သွားရောက်ပြီး သင်တန်းသား ဆရာ၊ဆရာမများအား တွေ့ဆုံအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မာန်အောင်မြို့သို့ရောက်ရှိကြပြီး အောင်ဇေယျာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာတွင် ရှေးဦးစွာ မာန်အောင်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က မြို့နယ်၏

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကုတ်မြို့နယ်ခန်းမ၌ လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

➡ စာမျက်နှာ ၄ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင်၊ နိုင်ငံအကျိုးနှင့် ဒေသအကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ပေါက်လာအောင်၊ ကျန်းမာကြံ့ခိုင်သည့် ပြည်သူများ ဖြစ်အောင် သက်ဆိုင်ရာတာဝန်ရှိသူများက ထားရှိရမည့်ခံယူချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများသို့လည်းကောင်း၊ ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့လည်းကောင်း ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် (၂၅)ခုတင်ဆံ့ မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ဆရာမများအား သိရှိလိုသည်များကို မေးမြန်း၍ ပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်တတ်သည့် အလေ့အထ၊ အသိပညာရရှိအောင် ကျန်းမာရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ထာဝရဆေးပဒေသာပင် လှူဒါန်းငွေ ကျပ် ငါးသိန်းကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် စီမံကိန်းများချမှတ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် အခြေခံကောင်းများကို ပြည်သူများ ပြည့်ပြည့်ဝဝ ခံစားရရှိနိုင်စေရအောင် နိုင်ငံ့ဝန်ထမ်းများက ဦးဆောင်စည်းရုံး ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များသို့ ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအားလည်းကောင်း၊ ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ လည်းကောင်း ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ သံတွဲမြို့သို့ ရောက်ရှိကြပြီး သံတွဲမြို့ ဒွါရဝတီခန်းမ၌ သံတွဲခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာတွင် ရှေးဦးစွာ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ အနေဖြင့် ရရှိဖြစ်ထွန်းနေသည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းထိန်းသိမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအားလည်းကောင်း၊ ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံလည်းကောင်း ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး Amazing Ngapali Resort သို့ ရောက်ရှိကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ငပလီကမ်းခြေရှိ ဟိုတယ်များနှင့် တည်ဆောက်ဆဲ စီမံကိန်းများ၊ ငပလီကမ်းခြေဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ငပလီ၊ ငွေဆောင်၊ ချောင်းသာကမ်းခြေ ဟိုတယ်များသို့ ပြည်တွင်း၊ပြည်ပ ဧည့်သည်များ လာရောက်အပန်းဖြေမှုအခြေအနေနှင့် ဝင်ငွေ ရရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကမ်းခြေအပန်းဖြေ လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်သို့ ဖေဖော်ဝါရီ ၁၈ရက် ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းတွင် အမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံကြရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးကိုကိုသက်က မြို့နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အသင်းကြီး၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။

ထို့အတူ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၆ရက် ညနေပိုင်းတွင် စစ်တွေမြို့ မေယုလမ်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ မူဟာမက် နာဝပ်ဇ်ချောင်ဒရီ၏ နေရာတွင် မစ္စတာ ကာဇီ အမ် ခါလီလူလ်လားအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ ကာဇီအမ်ခါလီလူလ်လားသည် ၁၉၅၈ခုနှစ်တွင် မွေးဖွားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာမူဝါဒ မဟာဘွဲ့ကို အမေရိကန်ပြည်ထောင်စုမှရရှိခဲ့သည်။ မစ္စတာ ကာဇီအမ်ခါလီလူလ်လားသည် ၁၉၈၅ခုနှစ်တွင် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ မော်စကိုမြို့၌လည်းကောင်း၊ ၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ အစ်ရှ်ဂါဘတ်မြို့၌လည်းကောင်း၊ ၁၉၉၉ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကိဗ်ယက်မြို့နှင့် ၂၀၀၂ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ဂျီနီဗာမြို့၌ လည်းကောင်း၊ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ အဖွဲ့ရုံး၊ သံရုံးများတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် သံတမန်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ယခုအချိန်အထိ မစ္စတာ ကာဇီအမ် ခါလီလူလ်လားသည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

အလားတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် စစ်တွေမြို့ရှိ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက်ရှိ ဝန်ထမ်းများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ မှာကြားသည်။

ထို့အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် စစ်တွေမြို့ မင်းဘာကြီးလမ်းရှိ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် ဗုဒ္ဓ၏ယဉ်ကျေးချမ်းမြေ့သင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ရပ် ချမ်းမြေ့မြိုင်ရိပ်သာကျောင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓ၏ယဉ်ကျေးချမ်းမြေ့သင်တန်းကို မတ် ၈ရက်မှ ၃၀ရက်အထိ စတုတ္ထအကြိမ် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ကျောင်းသား ကျောင်းသူများသည် ဖေဖော်ဝါရီ ၂၁ရက်မှ ၂၇ရက်အတွင်း ချမ်းမြေ့ရိပ်သာကျောင်းရုံးခန်းသို့ ကိုယ်တိုင်လာရောက်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

(က-ပ)

မြန်မာနိုင်ငံဓာတ်ပုံအသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ သက်ကြီးဓာတ်ပုံပညာရှင်များအား ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ တက်ရောက်ကြရန်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း ဖုန်း-၃၇၃၁၆၇၊ ဦးဖေမြင့်ဦး ဖုန်း-၀၉၅၁၀ ၂၃၇၈၊ ဦးသီဟသိန်းဉာဏ် ဖုန်း-၂၅၆၆၁၀၊ တက္ကသိုလ်ဟန်မင်းဦး ဖုန်း - ၂၂၇၁၉၉ နှင့် ရွှေအင်းသားခင်မောင်ဝင်း ဖုန်း-၃၇၉၆၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ ကုန်းလမ်းပို့ဆောင်ရေးမှ ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံညွှန့် ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ရက်တွင် ရန်ကုန်တိုင်း အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်)ရှိ အစည်းအဝေးခန်းမ၌ လုပ်ငန်းရှင်များ၊ ကော်မတီဝင်များ၊ အဝေးပြေးအသင်း၊ ဂိတ်တာဝန်ခံများ၊ သတင်းပို့စနစ် စစ်ဆေးခွင့်ပြုသူများနှင့် တွေ့ဆုံ၍ ကုန်တင်မော်တော်ယာဉ်များ ထွက်ခွာခွင့်လက်မှတ် လာရောက်လျှောက်ထားစဉ် သက်တမ်းရှိသက်သေခံလက်မှတ်(အဝိုင်း)၊ သတ်မှတ်ထားသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် လိုင်စင် ရှိ၊ မရှိ စစ်ဆေးပြီး မှ ခွင့်ပြုရေး၊ သတ်မှတ်ကုန်ချိန်ထက် ပိုမိုမတင်ဆောင်ရေးတို့ကို စစ်ဆေးဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
- ၈:၂၅ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
- ၅:၀၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၅။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၅၀ ၁၀။ **"အမွန်မြတ်ဆုံးလက်ဆောင်" (နေရဲလင်း၊နှင်းဥ၊မေနံ့သာခင်၊ စောနိုင်-ရှမ်းပြည်၊ဒေါ်တင်တင်လှ) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၇:၁၅ ၁၁။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၄၅ ၁၂။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ Franz Hararay's Magic Planet
- ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်း "အပြုံးရှိုက်သံ" (နေမျိုးအောင်၊လှအဥ္စလီတင့်၊ အေးဝတ်ရည်သောင်း) (ဒါရိုက်တာ-စန္ဒာအောင်သိန်း)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်များ၏အခန်းကဏ္ဍ

Tourism နှင့် ဟိုတယ်သည် ခွဲခြားပြော၍ မရပါ။ Tourism သည် ဟိုတယ်နှင့် တည်းခိုရန်နေရာများ၊ စားသောက်ဆိုင်များ၊ သွားလာရေးယာဉ်များ၊ လူတို့၏ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ဆက်နွှယ်မှုများ စသည်တို့အားလုံး၏ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ယင်းတို့၏ ရေရှည် စံချိန်စံညွှန်းမီစွာ ထိန်းသိမ်းတည်ရှိနိုင်မှုကိုလည်းကောင်း ဦးဆောင်နေသော လူနှင့် သဘာဝတို့အတွက် ဖြစ်တည်မှုကြီးဖြစ်ပါသည်။ ဟိုတယ်နှင့် တည်းခိုရန်နေရာများသည် Tourism ကို ပံ့ပိုးကြမည့် Tourists တို့အတွက် မရှိမဖြစ် လိုအပ်သောထောက်ပံ့၊ ပံ့ပိုးသည့် ဝန်ဆောင်မှုလုပ်ငန်းစဉ်ကြီး ဖြစ်ပါသည်။

ဒေသ၊ တိုင်းပြည်၊ နေရာ၊ လူတို့၏ စီးပွားနှင့် ဝင်ငွေကို အထောက်အကူပြုသည်ဟူသော အခြေခံမှလာသည့် စီးပွားရေး လုပ်ငန်းစဉ်သည်လည်း Tourists တို့၏ လိုအပ်ချက်အတွက် ဝန်ဆောင်မှုပေး၍ ထိုက်တန်သော အကျိုးစီးပွားကို ပြန်လည်ရယူခြင်း ဖြစ်ပါသည်။ ဤသို့ ဆက်နွှယ်နေခြင်းကြောင့် လူတို့သည် Tourism နှင့် ဟိုတယ်ကို တစ်ခါတစ်ရံ ခွဲခြားသုံးသပ်ခြင်း၊ ရောထွေးပစ်ခြင်း၊ မသဲကွဲခြင်းများ ရှိတတ်ကြပါသည်။ ယင်းမှာလည်း ကဏ္ဍတစ်ခုချင်း၊ လူတစ်ဦးချင်း၏ အယူအဆနှင့် လုပ်ငန်းအခြေခံအပေါ်မှ ဖြစ်တည်လာခြင်း ဖြစ်ပါသည်။ Travel Agents ခေါ် ခရီးသွားလာရေး ကိုယ်စားလှယ်တို့၏ ဝန်ဆောင်မှုလုပ်ငန်း လုပ်သည်ကို Tourismဟု တွေးထင်ယူဆရင်းမှလည်း ယင်းသို့ဖြစ်လာဟန်ရှိပါသည်။ Tourists သည် Tourism သာ ဖြစ်ပါသည်။ ဟိုတယ်လည်း မဟုတ်၊ ခရီးသွားကိုယ်စားလှယ်လုပ်ငန်းလည်း မဟုတ်၊ စားသောက်ဆိုင်လုပ်ငန်းလည်းမဟုတ်၊ ခရီးသွားပို့ဆောင်ရေး ယာဉ်လည်းမဟုတ်၊ ဒေသယဉ်ကျေးမှု၊ ခေတ်မီယဉ်ကျေးမှုတို့ဖြင့် ဖျော်ဖြေခြင်းလည်း မဟုတ်ပါပေ။

မည်သို့ဆိုစေ ဟိုတယ်ဟု မိမိတို့ ယေဘုယျ နားလည်ထားသော လူတို့ အိပ်ရန်၊ နေရန် ဖွဲ့စည်းတည်ဆောက်ထားသောအခန်း(accommodation) သည် Tourism အတွက် မရှိမဖြစ် လိုအပ်ပါသည်။ နှစ်စဉ် နှစ်စဉ် ကမ္ဘာနှင့် အဝန်းလှည့်လည် သွားလာနေကြသော ခရီးသည်သန်းပေါင်း ၇၀၀ကျော် အတွက် ဟိုတယ် သို့မဟုတ် accommodation များ လုံလောက်စွာ ရှိရန်လိုအပ်ပါသည်။ မိမိတို့ပင်လျှင် မိမိတို့၏ မိသားစုနေရန်သာ ရည်ရွယ်တည်ဆောက်ထားသော အိမ်သို့ ဧည့်သည် လာရောက်လည်ပတ်ပါက မြန်မာ့ယဉ်ကျေးမှုနှင့်အညီ အိပ်နိုင်တည်းခိုနိုင်ပါကြောင်း ဖိတ်မန္တက ပြုမိပါသော်လည်း အပြန်အလှန် အခက်အခဲလေးတွေ ရှိတတ်သည်ကြောင့် ယနေ့အခါ မိမိတို့သည် ငွေကြေးတတ်နိုင်ပါက ဟိုတယ်ဖြစ်စေ၊ ဈေးနှုန်းချိုသာသော တည်းခိုခန်း၌ဖြစ်စေ တည်းခိုရန် စဉ်းစားကြပါသည်။

အိန္ဒိယနိုင်ငံသည် ကြီးမားကျယ်ပြန့်ပြီး အစဉ်အလာ ယဉ်ကျေးမှုနှင့် သဘာဝ အမွေအနှစ်များ ပေါကြွယ်ပါသည်။ ယနေ့အခါ Tourism စီးပွားရေး မြှင့်တင်ရန် မဟာဗျူဟာရည်မှန်းချက် ချမှတ်လိုက်သောအခါ မျှော်မှန်းထားသောဧည့်သည်များအတွက် အခန်း (အိပ်ခန်းဆောင်) လုံလောက်မှု မရှိသည်ကို တွေ့ရှိရကာ တိုးချဲ့ရန် စဉ်းစားတော့လည်း လူဦးရေ သိပ်သည်းမှုကြောင့် အခက်အခဲ ရှိနေပြန်ပါသည်။

ယင်းသို့ အခန်းလိုအပ်ချက်များကြောင့် ခရီးသွားဧည့်သည်တို့ တည်းခိုရန် ဟိုတယ်၊ တည်းခိုဆောင် စသည်တို့ ဖွဲ့စည်း တည်ဆောက်ကြရပါသည်။ ခရီးစဉ်ဒေသနှင့် ဧည့်သည်အမျိုးအစား ကွဲပြားမှုများကြောင့် ပုံစံအမျိုးမျိုး၊ အမည်အမျိုးမျိုးဖြင့် လူနေရန် အခန်းများကို တွေးခေါ် ဖန်တီးကြပြန်ပါသည်။ Hotel, Motel, Inn; Resort, Hostel,Transient Hotel, Lodge, Guest House,B&B, Time Share, Home Stay စသည့် အမည်အမျိုးမျိုးဖြင့် လိုအပ်သလောက် ဝန်ဆောင်မှုပေးကာ ငှားရမ်းကြခြင်း ဖြစ်ပါသည်။

ချစ်ဆွေမြင့်

ကမ္ဘာပေါ်တွင် ကမ္ဘာလှည့်ခရီးသည်ပေါင်း သန်း ၇၀၀ကျော်သည် နှစ်စဉ် ခရီးသွားနေရာ အာဆီယံနိုင်ငံများသည် ထင်ရှားသော ခရီးစဉ်ဒေသများထဲ၌ ပါရှိပါသည်။ ကမ္ဘာလှည့်ခရီးသည် အားလုံး၏ ၁၀ရာခိုင်နှုန်းခန့်ကို အာဆီယံနိုင်ငံများက ထိန်းသိမ်းထားနိုင်ပါသည်။ အာဆီယံနိုင်ငံခေါင်းဆောင်များသည် ဒေသအတွင်းသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှု တိုးတက်လာစေရန် နည်းလမ်းသစ်များကို အမြဲကြံဆနေပါသည်။ အာဆီယံဒေသတစ်ခုလုံးကို Tourism ခရီးစဉ်ဒေသကြီးတစ်ခုတည်းအဖြစ်သာ ပုံဖော်ရန် ကြံဆညှိနှိုင်းနေကြပါသည်။ ASEAN Single Destination ဟူသော ခေါင်းစဉ်ဖြစ်ပါသည်။ အလားတူ တစ်ဖက်မှလည်း အာဆီယံ စီးပွားရေး အသိုက်အမြုံကို ၂၀၁၅ခုနှစ်တွင် စတင်ရန် သဘောတူညီပြီး ဖြစ်ပါသည်။ ASEAN Economic Community ဟု သုံးနှုန်းသွားပါသည်။ ယင်းကို အခြေခံ၍ အာဆီယံ ခရီးသွားလုပ်ငန်းခေါင်းဆောင်များက ခရီးသွားကဏ္ဍ၌လည်း တူညီသောအရည်အသွေး စံနှုန်းများ ရှိလာစေရန် လိုအပ်ချက်ကိုတွေးယူ အကောင်အထည်ဖော်လာခြင်းရှိပါသည်။ ယင်းကို ASEAN Tourism Standards ဟု ဖွဲ့စည်းကာ လုပ်ငန်းစဉ် သတ်မှတ်မှုကို တွေ့ရှိရပါသည်။

အာဆီယံ ခရီးသွားလုပ်ငန်း စံချိန်စံညွှန်းများ သတ်မှတ်ရာတွင် ဟိုတယ်အရည်အသွေး၊ ဟိုတယ် စံချိန်စံညွှန်းသည်လည်း အဓိကနေရာမှ ပါရှိနေပါသည်။ သို့ဖြစ်၍လည်း ဆောင်းပါးအစတွင် ဟိုတယ်သည် Tourism မဟုတ်သော်လည်း ခရီးသွားလုပ်ငန်းအတွက် အဓိကထောက်ပံ့၊ ပံ့ပိုးသော ဝန်ဆောင်မှုလုပ်ငန်းစဉ်ဟု ဖော်ပြရခြင်း ဖြစ်ပါသည်။

အာဆီယံ Tourism Standard အတွက် ပင်မ ပါဝင်နေသော ဟိုတယ်အရည်အသွေးများနှင့် ပတ်သက်ပြီး ဖော်ပြရာတွင် Green Hotel ဟု တင်စားထားကြပါသည်။ ဒေသ (အာဆီယံ) အတွင်း နိုင်ငံတကာ ဧည့်သည် တိုးတက်ဝင်ရောက်လာရန် Single Destination (တစ်ခုတည်းသော ခရီးစဉ်ဒေသကြီး) အဖြစ် ကြံဆောင်လာကြသည့်အခါ ဒေသအတွင်း ဟိုတယ်များ အရည်အသွေး အဆင့်အတန်း မြင့်မားရုံမျှမက ဆွဲဆောင်မှုရှိစေရန်လည်း ယင်း Green Hotelစကားရပ်ဖြင့် တင်စားလာခြင်းဖြစ်ပါသည်။ နိုင်ငံအသီးသီးက ထူးခြားထင်ရှား၍ ပြီးခဲ့သောနှစ်များအတွင်း ဧည့်သည်များအကြား အပေါင်းအမှတ် (+ve) များ ရကြသော ဟိုတယ်များထဲမှ အကောင်းဆုံး ဟိုတယ်များကို Green Hotel Award ဆု ချီးမြှင့်ခဲ့ပေသည်။

နိုင်ငံအသီးသီးမှ Green Hotel ဆုချီးမြှင့်လိုသော ဟိုတယ်များ Resorts များကို ရွေးချယ်စေ၍ ၂၂-၁-၂၀၀၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသော (၁၁) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးအပြီးတွင် အသိအမှတ်ပြု ဆုချီးမြှင့်ခဲ့လေသည်။ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနကလည်း ရန်ကုန်၊ ငပလီ၊ ကလော၊ အင်းလေး၊ ပုဂံ၊ ငွေဆောင် ခရီးစဉ်ဒေသများမှ ဟိုတယ်နှင့် အပန်းဖြေစခန်း (Resort) ၁၀ လုံးကို ရွေးချယ်ကာစာရင်းပေးပို့ခဲ့ပါသည်။

ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းသည် ရှည်လျားလှသော အနာဂတ်ထိတိုင်အောင် ရှင်သန်နေမည့် ကဏ္ဍကြီး ဖြစ်ပါသည်။ ၂၁ ရာစုအတွင်း ကမ္ဘာကြီး၌ ရေနံအပါအဝင် သဘာဝသယံဇာတများ လျော့ပါးလာ၍ ဖြစ်လာမည့် ပြဿနာကို စဉ်းစားနေကြချိန်တွင် Tourism World သည် လူသားအားလုံးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အခြေခံခြင်း၊ ဦးစားပေးခြင်းလုပ်လာပါသည်။ Sustainable Tourism ဟု ရေရှည်တည်သော Tourism ကို မျှော်မှန်းလာပါသည်။ လေးစားစရာကောင်းသော ဝိုင်းဝန်းဆောင်ရွက်မှုများ ဖြစ်ပါသည်။ Tourism သည် ထာဝရ ရှင်သန်နေမည် ဖြစ်ပါသည်။ လူတို့ စိတ်ကူးထားသကဲ့သို့ သိပ္ပံခေတ်ကြီး အံ့မခန်း ထွန်းကားလာလျှင်ပင် ကမ္ဘာမြေမှ အာကာသသို့ ခရီးသွားကြမည် ဖြစ်ပေသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် သဘာဝသယံဇာတများ ပြည့်စုံနေရုံဖြင့် မလုံလောက်တော့ပါ။ လူတို့ စိတ်ကူးဖန်တီးထားသော ဝန်ဆောင်မှုများဖြင့် လူတို့၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းရမည်ဖြစ်ပါသည်။

ဟိုတယ် လုပ်ငန်းရှင်များအားလုံး မိမိပိုင် ဟိုတယ်များ၊ မိုတယ်များ၊ Resort များကို Green Hotel အဆင့်အတန်း၊ အရည်အသွေး စံချိန်စံနှုန်းများအတိုင်း ဖြည့်တင်းမြှင့်တင်၍ ဧည့်သည် အဆင်သင့်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ မိမိတို့ အဆင်သင့်ဖြစ်နေကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဆုချီးမြှင့်

အမျိုးသားအဆင့် အာဆီယံ လက်မှုအနုပညာပစ္စည်း လက်ရာမွန် ပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အာဆီယံလက်မှုအနုပညာပစ္စည်း ပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲနှင့် အာဆီယံလူငယ်တံဆိပ်ခေါင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ (ASEAN-COCI)**က ကြီးမှူးကျင်းပသည့် အမျိုးသားအဆင့် အာဆီယံ လက်မှုအနုပညာပစ္စည်း လက်ရာမွန်ပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ** (ASEAN Award of Excellence Exhibition) **နှင့် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံ လူငယ်တံဆိပ်ခေါင်း ပြပွဲ ပြိုင်ပွဲ** (Youth ASEAN Stamp 2007) **ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက် ပထမထပ် ဘက်စုံခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အဖွင့် အမှာစကားပြောကြားပြီး ၂၀၀၇ခုနှစ် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံလူငယ်တံဆိပ်ခေါင်းပြပွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၀၇ခုနှစ် အမျိုးသားအဆင့် အာဆီယံ လူငယ်တံဆိပ်ခေါင်းပြပွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အမျိုးသားအဆင့် အာဆီယံ လက်မှုအနုပညာပစ္စည်း လက်ရာမွန်ပြပွဲ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော လက်မှုအနုပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၇ ခုနှစ် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံ လူငယ်တံဆိပ်ခေါင်းပြပွဲပြိုင်ပွဲနှင့် ၂၀၀၇ ခုနှစ် အမျိုးသားအဆင့် အာဆီယံ လူငယ်တံဆိပ်ခေါင်းပြပွဲပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသူများကိုယ်စား နိုင်ငံခြားဘာသာတက္ကသိုလ်မှ မောင်ရဲထွန်းစိုးကလည်းကောင်း၊ အမျိုးသားအဆင့် အာဆီယံ လက်မှုအနုပညာပစ္စည်း လက်ရာမွန်ပြပွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများ ကိုယ်စား လက်မှုအနုပညာရှင် ဦးဆန်နီညိမ်းက လည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။

ယှဉ်ပြိုင်သွားမည်

၂၀၀၇ ခုနှစ် အမျိုးသားအဆင့် အာဆီယံလက်မှုအနုပညာပစ္စည်း လက်ရာမွန်ပြိုင်ပွဲမှ ဆုရရှိကြသူ ငါးဦးတို့၏ လက်မှုအနုပညာပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ်လအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံလက်မှုအနုပညာပစ္စည်း လက်ရာမွန်ပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရွေးစင်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2008 Qualify Round) ကို ဖေဖော်ဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ် (Yangon Golf Club) ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူးဥပဒေသ (ST. Andrews) နှင့် ဒေသန္တရ စည်းမျဉ်းဥပဒေသများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျော့ပေးပြိုင်ပွဲ System(36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co., Ltd. က ဖြစ်ပြီး Co-Sponsors များအဖြစ် Dusit Inya Lake Hotel, Srixon နှင့် Alpine (Purified Drinking Water)တို့က ထပ်မံ၍ ပံ့ပိုးကူညီကြမည်ဖြစ်ကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အပျော်တမ်းအဆင့် အမျိုးသား ဂေါက်သီးရိုက်အားကစားသမားများသည် ဖေဖော်ဝါရီ ၂၆ ရက် နောက်ဆုံးထား၍ ရန်ကုန်ဂေါက်ကလပ် ဖုန်း ၀၁-၆၃၅၅၆၃ သို့ ဆက်သွယ် စာရင်းပေးသွင်းရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၀၀	၆။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြုသင်ခန်းစာပို့ချချက် -ဓာတုဗေဒ
၅:၂၀	၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၃၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။ **ကာတွန်းအစီအစဉ် - ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၂၃)**
၆:၄၅	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပုံရိပ်ပမာ (အပိုင်း-၇၄)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ မိုးလေဝသသတင်း
	၁၉။ အမျိုးသားရေးတေးကဗျာ
	၂၀။ လူ့ရှင်တော်ရွှေဖလား
	၂၁။ ICT သုတ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စည်းခြားထားသောအချစ် (အပိုင်း-၇)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

မျက်မှောက်ကာလ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်ရွေ့ရှုနေ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး အထူးသင်တန်းအမှတ်စဉ်(၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံသားတိုင်းသည် အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို ရယူခံစားလိုကြသူများ ဖြစ်ကြကြောင်း၊ ထို့ကြောင့်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ခိုင်မာစွာချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မွန်မြတ်အရေးပါသော လုပ်ငန်းစဉ်ကြီးဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွသော အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုနိုင်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

အသင်းကြီး စတင်ဖွဲ့စည်းချိန်ကစပြီး ၁၄နှစ်တာကာလအတွင်း ပြည်သူများ လိုလားသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ရုံသာမကဘဲ ပြည်သူများအတွင်းက စိတ်ကောင်းစေတနာမှန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လိုသူများ တိုးပွားလာရေးကိုလည်း စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုနိုင်ခဲ့ကြကြောင်း၊ ပြည်သူများ၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ရရှိနေပြီ ဖြစ်သည့်အတွက် အသင်းဝင်အင်အားသည်လည်း ၂၄သန်းကျော် ၂၅သန်းနီးပါး အထိ တိုးတက်လာပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် အသင်းဝင်များသည် အသင်းကြီးက ပြည်သူများအကျိုးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မှန်ကန်သည့်အသိ၊ ကြံ့ခိုင်သည့်စိတ်ဓာတ်များဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

အသင်းဝင်များသည် နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများကို မှန်ကန်စွာရှုမြင်သုံးသပ်နိုင်ကြသူများ ဖြစ်ကြသည့်အတိုင်း ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် ရည်မှန်းချက်ကို အောင်မြင်စေရန် ပြည်သူများနှင့်လက်တွဲပြီး တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ၂၄သန်းကျော် ရှိနေပြီဖြစ်သည့် အသင်းဝင်များသည် အရေအတွက် အားဖြင့် များပြားသကဲ့သို့ အရည်အချင်းပြည့်ဝသော အမျိုးသားရေးအင်အားစု ကြီးအဖြစ် ထာဝစဉ်ရပ်တည်ပြီး နိုင်ငံတော်အတွက် အလုပ်အကျွေးပြုကြရမည် ဖြစ်ကြောင်း။

လေ့ကျင့်မှုတိုင်းသည် တက်ရောက်ကြသူတစ်ဦးချင်း၏ အရည်အချင်းများ တိုးတက်မြင့်မားမှုကို ရရှိစေမည်ဖြစ်ကြောင်း၊ အသင်းကြီးကို အသင်းဝင်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အသင်းဝင်များ၏ အရည်အချင်းများတိုးတက် လာသည်နှင့်အမျှ အသင်းကြီး၏စွမ်းဆောင်မှုလည်း ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း၊ အသင်းကြီး၏စွမ်းဆောင်မှု မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ပိုမိုသယ်ပိုးရွက်ဆောင်လာနိုင်မည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်လာကြသူများသည် နိုင်ငံတော်၏ ဒေသအသီးသီး၌ ရှိနေကြသည့် အသင်းအဆင့်ဆင့်တွင် ဦးဆောင်ဦးရွက်ပြုနေကြသူများဖြစ်ကြသည့် အတွက် ထိုက်သင့်သည့် အတွေ့အကြုံရှိနေကြသူများဖြစ်ကြကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများကို မိမိတို့အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် မိမိတို့ပြည်သူများ၏အကျိုး ပိုမိုသယ်ပိုးနိုင်စေရန် လေ့လာသွားကြရန် မှာကြားလိုကြောင်း။

လက်ရှိကာလသည် ပြည်သူများလိုလားသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို ကူးပြောင်းတည်ဆောက်နေသော ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက် ရေးအတွက် အခြေခံကောင်းများဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရင်း နိုင်ငံတော် သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အစီအစဉ်ရှိရှိ ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်သစ်ကြီး အဖြစ် ညင်သာစွာကူးပြောင်းနိုင်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သည် ဟု မိမိတို့အားလုံး ယုံကြည်ခံယူထားပြီးဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်နှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အနှောင့်အယှက် အခက်အခဲများကြားက ကာလ ကြာမြင့်စွာ ကျင်းပခဲ့ရပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် အောင်မြင်စွာပြီးစီး ခဲ့ပြီဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်အကောင်အထည် ဖော်ရာတွင် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ရေးဆွဲနိုင်စေရန် အစုအဖွဲ့ပေါင်းရှစ်ဖွဲ့ဖြင့် ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်က မျက်နှာစုံညီ ညီညွှန်းဆွေးနွေး ဆုံးဖြတ်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆွေးနွေးဆုံးဖြတ်ချက်များသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဆုံးဖြတ်မှုများ မဟုတ်ဘဲ တစ်လုံးတစ်စည်း သော ပြည်ထောင်စုကြီးအကျိုးအတွက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပြည်သူ့ ကိုယ်စားလှယ်များ စုံညီစွာ ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် အနာဂတ် နိုင်ငံတော်သစ်ကြီး၏ ခိုင်မာအရေးပါသောအခြေခံတစ်ခုကို အောင်မြင်စွာ ချမှတ် နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကို ထောက်ခံကြိုဆိုကြသည့် ပွဲကြီးများကို ပြည်နယ်၊ တိုင်းအသီးသီးရှိ ပြည်သူများက ကျင်းပရာတွင်လည်း အသင်းဝင်များက တက်ကြွစွာပါဝင်ခဲ့ကြပြီးဖြစ်ကြောင်း။

မျက်မှောက်ကာလ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဆီသို့ ဦးတည်ရွေ့ရှုနေပြီဖြစ်ကြောင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး အထူးသင်တန်း အမှတ်စဉ်(၈)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူနိုင်ရန်အတွက် ၂၀၀၈ခုနှစ် မေလတွင်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်းတို့ကို နိုင်ငံတော်က ရှင်းလင်းပြတ်သားစွာ အသိပေး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရ အနေဖြင့် နိုင်ငံတော်သစ်အတွက် ထိုက်သင့်သောအခြေခံကောင်းများ တည်ဆောက် ပေးခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံတော်အာဏာကို ပိုင်ရှင်အစစ်အမှန်ဖြစ်သော ပြည်သူများထံ စနစ်တကျ ပြန်လည်အပ်နှင်းနိုင်ရေးအတွက် မွန်မြတ်သော ဆောင်ရွက်ချက်များဖြစ်သည့်အတွက် အသင်းကြီးက လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြု ပါကြောင်းကိုလည်း ပြောကြားလိုကြောင်း၊ အသင်းဝင်အားလုံး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီး အောင်မြင်စေရန်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင် စေရန် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အနာဂတ် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေ အနေများသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက လိုရာဆွဲပြောနေကြ သော အကြောင်းအရာများမဟုတ်ဘဲ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ မွန်မြတ်သော စေတနာနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားအတွက် လက်တွေ့ဆောင်ရွက်ရာကဖြစ်ပေါ်လာသည့် ပကတိအခြေအနေများဖြစ်ကြောင်း၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများမပါဘဲ နိုင်ငံတော်၏ အမျိုးသားအကျိုး စီးပွားအတွက် စဉ်တိုက်ဆက်တိုက် ကိုယ်ပိုင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ရာက ရရှိလာသည့် အကျိုးတရားများဖြစ်ကြောင်း၊ မိမိတို့အားလုံး ပိုမိုတိုးတက်သော အခြေအနေကောင်းများရစေရန် ကြိုးပမ်းသွားကြရဦးမည်ဖြစ်ကြောင်း။

နိုင်ငံတော်က တစ်နိုင်ငံလုံးကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အထူးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင်လည်း ပိုမိုတိုးမြှင့် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများ၊ ကျန်းမာရေးနှင့် လူမှုရေး အခွင့်အလမ်း များ၊ ပညာသင်ကြားရေးအခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက်လည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားမှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ရည်ရွယ်ချက်တူသည့် အသင်းအဖွဲ့များနှင့်လည်း ပိုမိုလက်တွဲ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် ညင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံလေ့ရှိသော အခက်အခဲ အတားအဆီး ပြဿနာမှန်သမျှသည် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့က နိုင်နင်းစွာ ဖြေရှင်းနိုင်သော ပြည်တွင်းရေးသာ ဖြစ်သည်ဟု ပြတ်သားစွာ ခံယူထားပြီးဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သွေးထိုး၊ လှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများသည် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ်ပုံဖော်တည်ဆောက်မှုကို ပျက်ပြားမှုမရှိနိုင်သော်လည်း နှောင့်နှေးမှုကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ဂရုပြုကြရမည်ဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးကို ဦးထိပ် ထားပြီး ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေး အတွက် ကျရာကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရေးကိုလည်း မှာကြားလိုကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဖျက်လုပ်ရပ် မှန်သမျှကိုလည်း စွန့်လွှတ်စွန့်စားရဲသည့် သတ္တိစိတ်ဖြင့် အောင်မြင်စွာ ကာကွယ် သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ–

- **အနာဂတ်နိုင်ငံတော်သစ်ကြီး ပုံဖော်တည်ဆောက်ရာတွင် အရေးပါသည့် အချိန်အခါနှင့် ကြုံကြိုက်နေခြင်းဖြစ်သည့်အတွက် ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ စွဲမြဲခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြပါ။**
- **ပြည်သူများ ရရှိခံစားနေကြရသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများကို လျော့ပါးဆုံးရှုံးမှုမရှိအောင် ကာကွယ် ပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် မလွဲမသွေဆောင်ရွက်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ပြည်လုံးကျွတ်ဆန္ဒခံယူပြီး အောင်မြင်စွာ အတည်ပြုနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြုလုပ်မည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ဆောင်ရွက်သွား ကြပါ။**
- **နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ထိပါးနှောင့်ယှက် နိုင်သော အဖျက်လုပ်ရပ်များနှင့် ဘက်လိုက်စွက်ဖက်မှုများအား စွန့်လွှတ် စွန့်စားသော သတ္တိစိတ်ဓာတ်ဖြင့် ပြည်သူများနှင့်လက်တွဲပြီး ဝိုင်းဝန်း ကာကွယ်တားဆီးသွားကြပါ။**
- **အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ပြည်သူ များ၏ စီးပွားရေးအခွင့်အလမ်း၊ ကျန်းမာရေးနှင့် လူမှုရေးအခွင့်အလမ်း၊ ပညာသင်ကြားမှု အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် ပြည်သူ များနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါ။**

ဟု တိုက်တွန်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။ (သတင်းစဉ်)

သုံးထပ်ဝိပဿနာဗိမာန် ဆောက်လုပ်ရန်ပစ္စည်းနှင့် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရပ်ကွက် ခဝဲခြံ (၂)လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၃၃)မေ္ဘရိပ်သာ၌ ဆောက်လုပ်လျက် ရှိသော သုံးထပ်ဝိပဿနာဗိမာန်အတွက် အေဒင်အုပ်စု ကုမ္ပဏီလီမိတက်က သံချောင်းလုံး ၁၀တန်၊ ဦးဘိုးဘိုင်း ဒေါ်နှင်းညွှန့်တို့အားရည်စူး၍ မမဦး လမ်းမှ သမီးများဖြစ်ကြသော ဒေါ်အေး ခင်နှင့် ဒေါ်လှိုင်မေ မိသားစုက ငွေကျပ် နှစ်သိန်း၊ ဆရာတော် ဦးဓမ္မသရက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဆရာ တော် ဦးဉာဏိသရက ငွေကျပ် တစ်သိန်း၊ ရွက်လှလမ်းမှ ဒေါ်နီနီတင် မိသားစုက ဒုတိယအကြိမ် ငွေကျပ် ခုနစ်သိန်း၊ ဦးမင်းဗိုလ်–ဒေါ်မြတ်မြတ် ထွန်း မိသားစုက ငွေကျပ် သုံးသိန်း၊ မရမ်းကုန်းမြို့နယ်မှ ဦးခင်သောင်း– ဒေါ်တင်မိုးခိုင် မိသားစုက (၃)အကြိမ် ငွေကျပ် တစ်သိန်း၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းမှ ဒေါ်စိန်မြင့်က မိဘများအားရည်စူး၍ ငွေကျပ် တစ်သိန်းတစ်ထောင်၊ ဦးဘမောင်အား ရည်စူး၍ ဒေါ်သန်းရင် မိသားစု၊ အနောက်ကြို့ကုန်းက ငွေကျပ်တစ်သိန်း၊ အရှေ့ကြို့ကုန်းမှ ဦးစိန်မောင်– ဒေါက်တာ ဒေါ်စောကြည် မိသားစုက ငွေကျပ်တစ်သိန်း၊ ခေတ္တစင်ကာပူနိုင်ငံ ရောက် ဦးကျော်မင်းထွေးနှင့် သူငယ် ချင်းများက ငွေကျပ်ငါးသိန်း တစ်သောင်း၊ ဦးဘအိုလမ်းမှ ဒေါ်ချော ကြည်က ငွေကျပ်နှစ်သိန်း အသီးသီး လှူဒါန်းကြသည်။ လှူဒါန်းလိုသူများ သည် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ် (၁၃၃) ဖုန်း–၆၅၃၂၀၄ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

နေ့ရာသီဓမ္မာစရိယသင်တန်းနှင့် စနစ်သစ်သဒ္ဒါသင်နည်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်းကျောင်းတိုက်၌ နေ့ရာသီဓမ္မာစရိယ သင်တန်းနှင့် စနစ်သစ်သဒ္ဒါသင်နည်းကို (၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၅ရက်) ဧပြီ ၂၅ရက်မှ (နယုန်လဆန်း ၅ရက်) ဇွန် ၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ မန္တလေးမြို့မှ စာချဆရာတော် ဦးအာနန္ဒာဘိဝံသ (သကျသီဟဓမ္မာစရိယ)၊ ဦးဣသရိယ (သာသနဓဇဓမ္မာစရိယ)နှင့် ဦးတေဇိန္ဒ(သာသနဓဇဓမ္မာစရိယ)တို့က သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသော အရှင်မြတ်များသည် ကြံခင်းမြို့ နဝင်းဂုဏ်းကျောင်း ဆရာတော် ဦးဣသရိယ ဖုန်း–၀၄၄–၄၀၁၈၆ ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

အမျိုးသားညီလာခံကြီးက တညီတညွတ်တည်း ချမှတ်ထားသည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့မှစတင်ကာ ရေးဆွဲဆောင်ရွက်ခဲ့

✧ ကျော်ဖုံးမှ

ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်စလုံးကို သိမီခဲ့သော အတွေ့အကြုံပြည့်ဝတဲ့ ပုဂ္ဂိုလ်ကြီးများ ပါဝင်သလို ပြည်တွင်း၊ ပြည်ပ ဥပဒေများကို ကျွမ်းကျင်နှံ့စပ်တဲ့ ပညာရှင်များလည်း ပါဝင်ခဲ့ကြပါတယ်။ ဒါ့အပြင်၁၉၉၃ခုနှစ်ကတည်းက စတင်ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံကြီးမှာ ပြည်သူများကို ကိုယ်စားပြုပြီး ပါဝင်တက်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်တစ်ထောင်ကျော်အနက်မှ အချို့သော ပုဂ္ဂိုလ်များလည်း ပြန်လည်ပါဝင်ခဲ့ကြပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အနေဖြင့်–

- ☆ **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- ☆ **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊**
- ☆ **နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်း ဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး၊**
- ☆ **နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး**

ဟူသော ဦးတည်ချက်များကို မမိုတ်မသုန် စွဲမြဲစွာခံယူလျက် အမျိုးသားညီလာခံကြီးက တညီတညွတ်တည်း ချမှတ်ထားသည့် အခြေခံရမယ့်မူများ၊ အသေးစိတ်အခြေခံရမယ့် မူများနှင့်အညီ ဤဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှစတင်ကာ ရေးဆွဲဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါ အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုလည်း အမျိုးသားညီလာခံ ကျင်းပစဉ်ကာလများအတွင်း ပြည်သူအများသိရှိလေ့လာနိုင်အောင် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာတို့တွင် အသေးစိတ် ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများအားလုံး ပါဝင်တဲ့ စာအုပ်ကိုလည်း ပြည်သူများ သိရှိလေ့လာနိုင်အောင် ပုံနှိပ်ဖြန့်ချိခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ကော်မရှင်အနေဖြင့် အဖွဲ့လိုက်အစည်းအဝေးများပြုလုပ်၍လည်းကောင်း၊ အဖွဲ့ဝင်အားလုံးပါဝင်သည့် စုပေါင်းအစည်းအဝေးများကို ပြုလုပ်၍လည်းကောင်း အကြိမ်ကြိမ် အကြံပြုဆွေးနွေး၊ ဆုံးဖြတ်ခဲ့ကြပြီးမှ ဥပဒေမူကြမ်းကို စိစစ်ပြင်ဆင် ရေးဆွဲခဲ့ကြခြင်းဖြစ်ပါတယ်။

ကော်မရှင်အဖွဲ့ဝင်များဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲရာမှာ အမျိုးသားညီလာခံက ချမှတ်ပေးထားသော အခြေခံရမယ့်မူ၊ အသေးစိတ်အခြေခံရမယ့် မူများပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် အနှစ်သာရကို မထိခိုက်စေဘဲ ဥပဒေအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်း၊ နေရာအထားအသို စသည်တို့ကို လိုအပ်သလိုပြင်ဆင်၍ ဥပဒေမူကြမ်းကို ရေးဆွဲခဲ့ကြပါတယ်။ အဖွဲ့လိုက် အစည်းအဝေးနှင့် စုပေါင်းအစည်းအဝေးများတွင်လည်း ကော်မရှင်အဖွဲ့ဝင်များက မိမိတို့တင်ပြလိုသည့် ဆန္ဒသဘောထားနှင့်အကြံပြုချက် များကိုအပြည့်သဘောဖြင့် တက်တက်ကြွကြွ ဆွေးနွေးအကြံပြုခဲ့ကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ယခုဆိုလျှင် ကော်မရှင်အဖွဲ့ဝင်အားလုံးက အတွေ့အကြုံနဲ့ အတတ်ပညာများကို အစွမ်းကုန်အသုံးချပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ဝင်များအနေနဲ့ အမျိုးသားရေးခံယူချက်၊ အမျိုးသားရေး အသိစိတ်ဓာတ် အပြည့်ဖြင့် အနာဂတ်နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိပြီး ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် သမိုင်းက ပေးအပ်သော တာဝန်တစ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ကော်မရှင်အဖွဲ့ဝင်အားလုံး၏ အကြိမ်ကြိမ် ဆွေးနွေးအကြံပြုချက်များဖြင့် သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၍ ဤနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကော်မရှင်က အတည်ပြုလိုက်ကြောင်း ကြေညာအပ်ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (အောက်ပုံများ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး (၁၇/၂၀၀၈)တွင် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ် ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနဲ့ အသေးစိတ်အခြေခံ ရမယ့်မူများကိုလည်း အမျိုးသား ညီလာခံ ကျင်းပစဉ်ကာလများအတွင်း ပြည်သူအများသိရှိလေ့လာ နိုင်အောင် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာတို့တွင် အသေးစိတ် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်။ ဒါ့အပြင် အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအားလုံး ပါဝင်တဲ့ စာအုပ် ကိုလည်း ပြည်သူများ သိရှိလေ့လာနိုင်အောင် ပုံနှိပ်ဖြန့်ချိ ခဲ့ပြီးဖြစ်။

နိုင်ငံတော် အေးချမ်း
နိုင်ငံတော်တွင်
ယခုရေးဆွဲထာ
နိုင်ငံတော်ရှေ့ဆက်
၂၀၀၈ခုနှစ် မေလတွ
နိုင်ငံတော် အေ
၂၀၀၈ခုနှစ်
အမှတ် (၁/၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတို့၏ဆန္ဒနှင့်အညီ နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအား

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ
ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်

...ရမည့်မူများနှင့်အညီ ...ဆွဲဆောင်ရွက်ခဲ့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ် ရေးထိုးစဉ်။ (သတင်းစဉ်)

သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတို့၏ဆန္ဒနှင့်အညီ နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအား နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုမည်ဖြစ်ကြောင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၉ရက်စွဲပါ ကြေညာချက် အမှတ် (၁/ ၂၀၀၈)ဖြင့် ထုတ်ပြန် ကြေညာထားပြီးဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတို့၏ဆန္ဒနှင့်အညီ နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအား နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၉ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၀၈)ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် မကြာမီကျင်းပတော့မယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် ပြည်သူအားလုံးနှင့်အတူကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ထမ်းဆောင်ကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်များ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၇/၂၀၀၈)သို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

☆ **နိုင်ငံတော်မှ**

ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုးကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် သဘာပတိ ကော်မရှင်ဥက္ကဋ္ဌ၊တရားသူကြီးချုပ် ဦးအောင်တိုး ကနိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သဘာပတိ ကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၏ နိဂုံးချုပ်အမှာစကားကို ကျောဖုံး၌ ဖော်ပြထားပါသည်။) (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အင်းစိန် စက်ခေါင်းစက်ရုံ၊ အင်းစိန်ဘူတာ အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းနှင့် မြို့ပတ်ဒီဇယ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေတို့လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒီဇယ်လျှပ်စစ်စက်ခေါင်းများ စွမ်းအားမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု လုပ်ငန်းခွင်သို့ လည်းကောင်း၊ ဒီဇယ်လျှပ်စစ် စက်ခေါင်းများ အကြီးတန်းပြုပြင်ခြင်း၊ အကြီးတန်းတစ်ဝက်ပြုပြင်ခြင်း၊ အလတ်စားပြုပြင်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ စက်ခေါင်းအသစ် တည်ဆောက်နေမှုနှင့် စက်ခေါင်း၊ တွဲနှင့် အရန်ပစ္စည်း ထုတ်လုပ်နေမှုကို လည်းကောင်း၊ ကိုယ်ပိုင်စက်ခေါင်းစက်ရုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အင်းစိန်ဘူတာ အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းနှင့် ယာဒ်ဝင်း တိုးချဲ့တည်ဆောက်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းအမှတ်(၇)မြို့ပတ် ဒီဇယ်စက်ရုံသို့သွားရောက်ပြီး တွဲများပြုပြင် ထိန်းသိမ်းထားသည့် အခြေအနေ၊ RBE Rail Bus အပေါ့စား လူစီးရထားတွဲဆိုင်းများ မြောက်မစစ်ဆေးခြင်းတို့ကို ကြည့်ရှုစစ်ဆေးမှာကြားသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖေသန်းသည် မလွှကုန်း-စက်ဆန်း ကုန်ရုံသို့ သွားရောက်စစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အင်းစိန်ဘူတာ အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းနှင့် ယာဒ်ဝင်းတိုးချဲ့ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ စိုက်ထူလှူဒါန်းခဲ့သည့် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ငွေပဒေသာပင်မှ သတ္တမအကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓစာပေ ပထမ ဘဒ္ဒန္တသီဟဗလ(အဂ္ဂမဟာပဏ္ဍိတ)(ထီးလှိုင်ကျောင်း၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း)ကလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ၌ ပထမ အရှင်အဂ္ဂသီလ(အဂ္ဂမဟာအကျော်)၊ ဓမ္မာစရိယတန်း(သီလရှင်ပထမ) မသိက္ခဝတီ၊ ပထမကြီးတန်း ပထမ အရှင်ကုလ္လန္ဒကဝိသိဌာလင်္ကာရ(ပထမကျော်)၊ ပထမလတ်တန်း ပထမ အရှင်သူရိယာလင်္ကာရ၊ ပထမငယ်တန်း ပထမ အရှင်ကဝိနန္ဒ၊ ပထမကြီးတန်း(အမျိုးသမီးပထမ) မနှစ်နှစ်ဆွေ၊ ပထမလတ်တန်း(သီလရှင် ပထမ) မဓမ္မနန္ဒာ၊ ပထမငယ်တန်း(သီလရှင် ပထမ)မကုလ္လန္ဒဝတီ၊ အဘိဓမ္မာ ပထမ မတိက္ခစာရီ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင် ပထမ) မောင်ဇင်မင်းဦးနှင့် ဝိသုဒ္ဓိမဂ်ပထမ ဒေါ်တင်တင်မြင့်တို့ကလည်းကောင်း၊ မန္တလေးမြို့ သကျသီဟ ပရိယတ္တိအသင်းကကျင်းပသည့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ပထမ အရှင်သီလာနန္ဒာဘိဝံသကလည်းကောင်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိအသင်းက ကျင်းပသည့် စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ ပထမ အရှင်ကုလ္လန္ဒကာလင်္ကာရာဘိဝံသက လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနက ကျင်းပသည့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ သိပ္ပံပထမ မခင်မြတ်နိုးထွန်း၊ မြန်မာတစ်ပြည်လုံး၌ ဝိဇ္ဇာပထမ မောင်ကျော်ဇင်ဝင်းတို့ကလည်းကောင်း ရရှိကြသည်။

လှူဒါန်းလိုပါက ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မတိဏ္ဏ (မဟာသာသနဝေပုလ္လကျောင်း၊ မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၁/ ၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်း အမှတ်စဉ်(၆၁/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၇နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ ဗဟိုလေ့ကျင့်ရေး ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ် သိန်းတင့်၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်၊ ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အကောင်းဆုံး ကျောင်းသားဆုရ ကျောင်းသား အမှတ်(၁၇)ဒုတိယရဲအုပ်လောင်း အောင်ဇေယျ၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ်(၁) ဒုတိယရဲအုပ်လောင်းကျော်သူရ၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၃) ဒုတိယရဲအုပ်လောင်း သက်မင်းထွန်း၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ် (၁၇)ဒုတိယရဲအုပ်လောင်း အောင်ဇေယျ၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသား အမှတ် (၁၇၀) ဒုတိယရဲအုပ်လောင်းလင်းအောင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါးခယ်မ အထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့ အထက(၁)ကျောင်း၌ ၁၉၇၉-၈၀၊ ၁၉၈၀-၈၁၊ ၁၉၈၁ မှ ၈၂ ခုနှစ်ထိ ဒသမတန်းပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာ ပူဇော်ပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ် ဧပြီလတွင် အဆိုပါကျောင်း၌ကျင်းပသွားမည် ဖြစ်သည်။ မြတ်ဆရာများ ပူဇော်ပွဲအတွက် မိမိတို့ သဒ္ဓါအလျောက် လှူဖွယ်ဝတ္ထုကန်တော့ပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းလိုသောကျောင်းသား၊ကျောင်းသူဟောင်းများသည် ဦးမြင့်ဆွေ ဖုန်း-၅၄၁၁၈၁၊ ၀၉၅၀၀၉၇၃၇၊ ဦးမျိုးချစ် ဖုန်း-၀၉၅၁၈၄၆၂၆၊ ဦးမြတ်သူ ဖုန်း-၅၁၈၄၁၂၊ ၀၉၅၁၂၅၅၂၉၊ ဒေါ်ယဉ်ယဉ်လေး ဖုန်း-၀၉၉၀၄၂၄၁၀၊ ဒေါ်မေစုသာ ဖုန်း-၂၀၁၀၉၂၊ ၀၉၅၁၇၄၃၇၆ နှင့် ဒေါ်နီလာတင် ဖုန်း-၅၃၇၇၃၇၊ ၀၉၅၁၃၄၈၉၂(ရန်ကုန်မြို့)နှင့်ဦးဝင်းဩ ဖုန်း-၀၄၂-၆၀၆၆၄၊ ဦးတင်ဝ (ခ) ဦးတင်ဦး ဖုန်း-၀၄၂-၆၀၃၃၅၊ ဦးတင်ဦး(ခ)ဦးမောင်ဦး ဖုန်း- ၀၄၂-၆၀၄၇၂၊ ၆၀၃၇၃၊ ဦးအောင်နိုင် ဖုန်း-၀၄၂-၆၀၁၂၆၊ ဒေါ်မိမိမြတ် ဖုန်း-၀၄၂-၆၀၁၅၃ နှင့် ဒေါ်သက်သက်ဦး ဖုန်း-၀၄၂-၆၀၁၂၉ (ဝါးခယ်မမြို့)တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ ဝန်ကြီးအား ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၂)ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စက်ပစ္စည်းများ ရောက်ရှိမှုနှင့် စီမံကိန်းသို့ သယ်ယူရန်စီစဉ်ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ကာလအတွင်း ပြီးစီးရမည့်လုပ်ငန်းများကို အပိုင်းလိုက် ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး စီမံကိန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၁/လျှပ်စစ်)

ထို့နောက် ဝန်ကြီးသည် Penstock Pipe များ တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကွန်ကရစ် လုပ်ငန်းဆောင်ရွက်နေမှု၊ RCCသွန်းလောင်းနေမှု၊ RCC Dam ပေါ်၌ CVC ကွန်ကရစ်သွန်းလောင်း၍ Flit Bucket နှင့် Spillway တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တမံ၏ ဥမင်အတွင်းသို့ ဝင်ရောက်ပြီး Bottom Outlet Gate Chamber များ တပ်ဆင်ရန်လုပ်ငန်းဆောင်ရွက်မှု၊ EL-85 ရှုရပ်မှနေ၍ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ၏ Unit 1,Unit 2, Unit 3 တို့၌ Machine Bay ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ ရေထုတ်မြောင်း၊ မြေကြီးကျောက်သား တူးဖော်ခြင်း လုပ်ငန်း၊ သံမဏိပိုက်လုံးများ ထုတ်လုပ်နေသော အလုပ်ရုံ၊ဓာတ်အားပေးစက်ရုံ၌အသုံးပြုမည့်အုတ်ဘလောက်တုံးစက်ရုံ စမ်းသပ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရှင်းလင်းဆောင်၌ စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမိတ်ဆုံပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဒုတိယအကြိမ်မြောက် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၂၉ ရက်(သောကြာနေ့) ညနေ ၅ နာရီခွဲမှ ၈ နာရီခွဲအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် Myanmar Info- Techမြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

ညစာစားပွဲတက်ရောက်သူတိုင်းအတွက် Door Gift လက်ဆောင်များ၊ Lucky Drawဆုမဲများပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းသတင်းလွှာများကိုလည်း အခမဲ့ဖြန့်ဝေမည်ဖြစ်သည်။ ထို့ပြင်ဖျော်ဖြေရေးအစီအစဉ်များလည်းပါဝင်မည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း(၄) Myanmar Info- Tech ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး အမေရိကန်၏ အဆိုပြုချက် ကင်ညာအစိုးရက လက်မခံ၊ ပယ်ချ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၉

ကင်ညာနိုင်ငံ၏ ပြဿနာ ပြေလည်စေရေးအတွက် အာဏာခွဲဝေယူကာ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် အမေရိကန်က အဆိုပြုထားသည်။ ထိုအဆိုပြုချက်သည် ကောင်းကျိုးဖြစ်ထွန်းနိုင်စရာအကြောင်း မမြင်ဟုဆိုကာ ကင်ညာအစိုးရက ဖေဖော်ဝါရီ ၁၇ ရက်တွင် လက်မခံ၊ ပယ်ချလိုက်သည်။

အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် ကင်ညာပြဿနာကို ဖြေရှင်းရန် ကြိုးစားရာ၌ အကျပ်မကိုင်သင့်ကြောင်း ကင်ညာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မိုးဇက်ဝီတန် ဂူလာက ပြောကြားသည်။ ကင်ညာနိုင်ငံ၏ အခြေခံဥပဒေတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး၊ လက်ခံရန်ကိစ္စ ပါဝင်ခြင်းမရှိဟုဆိုသည်။ ထို့အပြင် ကင်ညာနိုင်ငံအား မည်သည့်ကိစ္စလုပ်၊ မည်သည့်ကိစ္စကို မလုပ်နှင့်ဟူ၍ ညွှန်ကြားချက်ပေးသည်ကိုလည်း မိမိတို့က လက်ခံမည်မဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်လျှင် ပြဿနာတစ်ရပ်ကို ဖြေရှင်းရာ၌ ကြားမှအတင်းဝင်၍ အဓမ္မအကျပ်ကိုင်ကာ ဖြေရှင်းပေးသော သဘောတူညီမှုများသည် လက်မှတ်ထိုးပြီး၍ မကြာမီမှာပင် ပျက်ပြယ်သွားသည်ကို တွေ့ရသည်ဟူ၍ ထောက်ပြသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ ရေးရာ သတင်းများ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချင်းမိုင်မြို့အကြား ပြေးဆွဲနေသော ရထားတစ်စင်းကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချင်းမိုင်နှင့်ဗန်ကောက် ပြေးဆွဲသည့်ရထားပေါ်မှ မူးယစ်ဆေးပြားများသိမ်းဆည်းရမိ

ဗန်ကောက် ဖေဖော်ဝါရီ ၁၈

ထိုင်းမီးရထားတပ်ဖွဲ့သည် ဖေဖော်ဝါရီ ၁၆ရက်က ချင်းမိုင်မြို့တောင်ပိုင်းမှ ဗန်ကောက်မြို့သို့ ပြေးဆွဲနေသည့် ရထားတစ်စင်းပေါ်မှ မက်သာဖက်တမင်း မူးယစ်ဆေးပြားများကို သိမ်းဆည်းရမိသည်ဟု ထိုင်းနယူးအေဂျင်စီက သတင်းထုတ်ပြန်သည်။

သိမ်းဆည်းရမိ

စပိဒ်ဆေးပြားခေါ် မူးယစ်ဆေးဝါးနှင့် မက်သာဖက်တမင်းအလုံး ၁၀၀၀၀၀ ကို အဆိုပါရထား၏ထိုင်ခုံအထက်ရှိ စင်ပေါ်တွင်တင်ထားသော အိတ်အတွင်းမှ သိမ်းဆည်းရမိသော်လည်း ပစ္စည်းပိုင်ရှင်ကို ဖမ်းဆီးရမိခြင်းမရှိပေ။

သိမ်းဆည်းရမိသည့် အိတ်အနီး၌ ခရီးသည်တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရကြောင်း၊ ထိုအမှုကို ထိုင်းမီးရထားရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်း၌ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်တောင်ပိုင်း၌ အမေရိကန်တပ်ဖွဲ့များအား ဒေသခံများ ကန့်ကွက်ဆန္ဒပြ

မနီလာ ဖေဖော်ဝါရီ ၁၉

ဖိလစ်ပိုင် နိုင်ငံတောင်ပိုင်းဒေသတွင် လူသားချင်းစာနာထောက်ထားသော လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အမေရိကန်တပ်ဖွဲ့များ ပါဝင်ခြင်းကို ထောင်ပေါင်းများစွာသော ဒေသခံများက ဖေဖော်ဝါရီ ၁၈ ရက်တွင် ကန့်ကွက်ဆန္ဒပြကြသည်။ ထိုကဲ့သို့ အမေရိကန်တပ်ဖွဲ့များပါဝင်ခြင်းကို တမင်တကာ ရန်စသည်ဟု ရှုမြင်ကြသည်။

ခြောက်ထောင်ခန့်မျှသော အမေရိကန်တပ်ဖွဲ့များသည် ဖိလစ်ပိုင်တပ်ဖွဲ့များနှင့်အတူ တောင်ပိုင်းကျွန်းစုများတွင် လူမှုရေးလုပ်ငန်းများကို နှစ်ပတ်ကြာပူးတွဲလုပ်ကိုင်နေကြသည်။ သို့သော် ဒေသခံအဖွဲ့အစည်းများကမူ ၎င်းတို့၏ လှုပ်ရှားမှုများအပေါ် သံသယရှိနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစ္စရေးကို ဟစ်ဇ်ဘိုလာဖျက်ဆီးမည်ဟု အီရန်တော်လှန်ရေး အစောင့်တပ်မှူးပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၁၉

အီရန် တော်လှန်ရေးအစောင့်တပ် အကြီးအကဲက အစ္စရေးနိုင်ငံသည် မကြာမီကာလအတွင်း ဟစ်ဇ်ဘိုလာတို့၏ လက်ချက်ဖြင့် ပျက်စီးလိမ့်မည်ဟု ပြောကြားလိုက်ကြောင်း တနင်္လာနေ့က ဖားစ်သတင်းဌာနက ဖော်ပြလိုက်သည်။

ဟစ်ဇ်ဘိုလာ ပြောက်ကျားတပ်ဖွဲ့သည် အီရန်နိုင်ငံက ထောက်ခံသော လက်ဘနွန် လက်နက်ကိုင်အုပ်စုတစ်စု ဖြစ်သည်။

အစောင့်တပ် ဦးစီးချုပ် မိုဟာမက် အလီဂျာဖာရီက ဟစ်ဇ်ဘိုလာ အကြီးတန်းတပ်မှူးတစ်ဦး ဗုံးကွဲသေဆုံးမှုအတွက် ခေါင်းဆောင် ဆေယက် ဟက်ဆန်နာဆရာလပ်ချ်ထံသို့ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ရာတွင် အထက်ပါအတိုင်း သူ၏ သဘောထားထင်မြင်ချက်ကို ဖော်ပြထားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပါရီမြို့ ဆင်ခြေဖုံးဒေသကို ရဲတပ်ဖွဲ့ စီးနင်း

ဗယ်လီယားစ်-လီ-ဘယ်(ပြင်သစ်) ဖေဖော်ဝါရီ ၁၉

ပြင်သစ်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၈ ရက်၌ ပါရီမြို့ ဆင်ခြေဖုံးဒေသတစ်ခုကို စီးနင်းတိုက်ခိုက်မှုပြုလုပ်ကြောင်း၊ နိုဝင်ဘာလက ယင်းဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာတွင်ပါဝင်သည့် သံသယရှိသူ ၂၅ ဦးကို ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စစ်ဆင်ရေးစတင်

၎င်းစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့ဝင် တစ်ထောင်ခန့်ပါဝင်ပြီး ပါရီမြို့ မြောက်ဘက်ရှိ ဗယ်လီယားစ်-လီ-ဘယ်ဒေသနှင့် အနီးဝန်းကျင်ရှိ ဆင်ခြေဖုံးဒေသများတွင် ဒေသစံတော်ချိန် နံနက် ၆နာရီခန့်က စစ်ဆင်ရေး စတင်ခဲ့သည်။ နိုဝင်ဘာလဖြစ်ပွားမှုတွင် ရဲတပ်ဖွဲ့ဝင် ၆၀ ခန့် ဒဏ်ရာရရှိပြီး ဗယ်လီယားစ်-လီ-ဘယ်ဒေသတွင် ရဲကားနှင့် မော်တော်ဆိုင်ကယ် မတော်တဆဖြစ်ပွားမှုတွင် လူငယ်နှစ်ဦး သေဆုံးခဲ့သည်။

မီးရှို့ဖျက်ဆီးခဲ့

၂၀၀၅ ခုနှစ်က ပြင်သစ်နိုင်ငံ ဆင်းရဲသားရပ်ကွက်တွင် အဓိကရုဏ်းဖြစ်ပွားချိန်အတွင်း စာကြည့်တိုက်တစ်ခု၊ ပြည်သူပိုင် အဆောက်အအုံအချို့နှင့် ကားအများအပြား မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ရဲတပ်ဖွဲ့နှင့် ဖြစ်ပွားသည့် အဓိကရုဏ်း၌ ကားများ၊ အဆောက်အအုံများ ဖျက်ဆီးမီးရှို့ခံခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

သီရိလင်္ကာမြောက်ပိုင်း သူပုန်အခြေစိုက်စခန်းအား လေကြောင်းမှတိုက်ခိုက်

ကိုလံဘို ဖေဖော်ဝါရီ ၁၈

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းရှိ တမီလ်ကျားသူပုန်များ၏ အခြေစိုက်စခန်းကို ဖေဖော်ဝါရီ ၁၆ ရက်တွင် သီရိလင်္ကာတပ်ဖွဲ့ ဂျက်လေယာဉ်များက ဗုံးကြဲခဲ့ကြောင်း၊ ယင်းဒေသကို လေကြောင်းမှ သုံးရက်မြောက်ဆက်တိုက်ဖြစ်ကြောင်း သက်ဆိုင်ရာက ပြောကြားသည်။

မူလစ်တီဗျူဒေသတစ်ဝိုက်ရှိ သူပုန်စခန်းများကို ပြီးခဲ့သည့်နှစ်ရက်က ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် မန်နာဒေသ အနောက်မြောက်ပိုင်းကိုလည်း လေကြောင်းမှ ဗုံးကြဲခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်သေဆုံးသူဦးရေကို တိကျစွာ မသိရှိရကြောင်း လေကြောင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မန်နာဒေသကို တမီလ် ကျားသူပုန်များသည် စစ်ဆင်ရေးကွပ်ကဲမှု အခြေစိုက်စခန်းအဖြစ် အသုံးပြုလျက်ရှိသည်။ ယင်းစခန်းကို တိုက်ခိုက်နေသည့် သီရိလင်္ကာ ကြည်းတပ်ဖွဲ့များအတွက် အထောက်အကူဖြစ်စေရန် လေကြောင်းပစ်ကူပေးသည့်အနေဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပျံသန်းရေးတပ်မှူး အင်ဒရူး ဝီဂျီဆူရီယာက ပြောကြားသည်။

တမီလ်ကျားသူပုန်များ၏ အခြေစိုက်စခန်းကို လေကြောင်းမှ တိုက်ခိုက်ရာ၌ ပျက်စီးမှုများရှိသည်ဟု ၎င်းက အတည်ပြုခဲ့သည်။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ တမီလ်ကျားသူပုန်အဖွဲ့မှ အတည်ပြုချက်မရရှိသည့် နည်းတူ အခြားသတင်းဌာနများမှလည်း သတင်းမရရှိခဲ့ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂရိနှင့်တူရကီတွင် နှင်းများထူထပ်စွာကျ အသွားအလာများ ပြတ်တောက်သွားရ

အေသင် ဖေဖော်ဝါရီ ၁၉

ဂရိနိုင်ငံနှင့် တူရကီနိုင်ငံတို့တွင် နှင်းများထူထပ်စွာကျပြီး ရေခဲမှတ်အောက်သို့ရောက်အောင် အပူချိန်ကျဆင်းသွားသည့်အတွက် ကျောင်းများပိတ်ထားရပြီး ယာဉ်အသွားအလာ ရပ်ဆိုင်းသွားကာ လေယာဉ်အဝင်အထွက်များလည်း ထိခိုက်ခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က ထွက်ပေါ်လာသောသတင်းများက ဖော်ပြသည်။

နှစ်ရက်ဆက်တိုက် နှင်းများကျလာသည့်အတွက် အေသင်မြို့ဝန်းကျင်ကို နှင်းထု ဖုံးအုပ်သွားသည်။ ထိုအခြေအနေကြောင့် မြို့တွင်းနှင့် မြို့ပြင် အဆက်အသွယ်များ ပြတ်တောက်ကုန်သည်။

အခရိုပိုလစ်မြို့၌လည်း အလားတူပင် နှင်းများထူထပ်စွာ ကျဆင်းခဲ့သည်။ နံနက်ပိုင်းတွင် နေအနည်းငယ်ပွင့်လာသော်လည်း အပူချိန်မှာ ရေခဲအမှတ် ဝန်းကျင်၌သာ ရှိနေသည်။

အာဏာပိုင်များအနေဖြင့် အေသင် လေဆိပ်ကို မပိတ်ရန် ကြိုးစားလျက်ရှိသော်လည်း တနင်္လာနေ့က ခရီးစဉ် ၃၅ ခုသာ အဝင်အထွက် ပြုလုပ်နိုင်ပြီး ခရီးစဉ် ၁၆၀ ကို ဖျက်သိမ်းခဲ့ရသည်။ မြို့တွင်းရှိ ဈေးဆိုင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ရုံးများမှာ ပိတ်ထားရပြီး လမ်းမများပေါ်တွင် လမ်းသွားလမ်းလာ အနည်းငယ်မျှကိုသာ တွေ့ရသည်။

ထိုအတောအတွင်း ယာဉ်တိုက်မှုပေါင်း ၂၀၀ ကျော်ဖြစ်ပွားပြီး ဆေးရုံသို့ လူနာများတင်ပို့နိုင်ရန် မီးသတ်ဌာနကို အကြိမ် ၁၇၀မျှ အကူအညီတောင်းခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဆီးနှင်းများ ထူထပ်စွာကျနေသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ ကျင်းပနေစဉ်အတွင်း ပြည်သူအများ သိရှိလေ့လာနိုင်အောင် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာတို့တွင် အသေးစိတ် ထုတ်ပြန်ပေးခဲ့ပြီးဖြစ် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအားလုံး ပါဝင်သည့်စာအုပ်ကိုလည်း ပုံနှိပ်ဖြန့်ချိခဲ့

ယခုရေးဆွဲထားသောဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ကော်မရှင်အဖွဲ့ဝင်အားလုံး အကြိမ်ကြိမ် ဆွေးနွေးအကြံပြုချက်များဖြင့် သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ကော်မရှင်က အတည်ပြုလိုက်ကြောင်း ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေး (၁၇/၂၀၀၈)တွင် သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးပြောကြားသည့် နိဂုံးချုပ်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေးဟာ မရှိမဖြစ်လိုအပ်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၂/၂၀၀၇)ဖြင့် အဖွဲ့ဝင် ၅၄ ဦးပါဝင်သော ဤဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဤကော်မရှင်တွင်ပါဝင်တဲ့ အဖွဲ့ဝင်များဟာဆိုရင် မြန်မာနိုင်ငံမှာ ယခင်တည်ရှိခဲ့ဖူးတဲ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧



သဘာပတိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၇/၂၀၀၈)တွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အစည်းအဝေး (၁၇/၂၀၀၈) ကျင်းပ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်း မော်ကွန်းတင်လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၇/၂၀၀၈)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၂) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အစည်းအဝေးမစတင်မီ နံနက် ၈ နာရီခွဲမှ စတင်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များက မိမိတို့ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုကြောင်းကို မော်ကွန်းတင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အစည်းအဝေးကို နံနက် ၉နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း **စာမျက်နှာ ၉ ကော်လံ ၇ သို့** ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး